**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ( ၂၀ /၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်

အကြောင်းအရာ။ **Myanmar Tradenet 2.0 ဖြင့် Online စနစ်အသုံးပြု၍ ပို့ကုန် သွင်းကုန် လိုင်စင် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ လိုက်နာရမည့်သတ်မှတ်ချက်များ အသိပေး ထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် National Single Window အထောက်အကူပြုစနစ် အဖြစ်ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်သွယ်မှုဆက်စပ်ဌာနများကြား တူညီသည့် အချက်များအား Single Entry အဖြစ်ဆောင်ရွက်နိုင်စေရန်၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ထောက်ခံချက်ပေးသည့်လုပ်ငန်းများအပါအဝင် လိုင်စင်စနစ်နှင့်ဆက်စပ်လုပ်ငန်းများအား Online အသုံးပြု၍ ဆောင်ရွက်နိုင်စေရန်အတွက် Myanmar Tradenet 2.0 စနစ်အား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ အဆင့်လိုက်အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ MyanmarTradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထားရာတွင် အောက်ပါအခြေအနေများနှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်လိုက်သည်-

(က) လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည်အနည်းဆုံး ၃ လ ကျန်ရှိရမည်၊

( ခ ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းအား သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးလျှောက်ထားနိုင်သည်။

(ဂ) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ဖြင့် တင်ပို့/တင်သွင်းရမည့် ကုန်ပစ္စည်းများ အတွက် သက်ဆိုင်ရာဌာနများမှ သက်တမ်းသတ်မှတ်မှုရှိပါက အဆိုပါသက်တမ်း

သည့် အနည်းဆုံး ၁ လ ရှိမှသာ ပို့ကုန်/သွင်းကုန်လိုင်စင် လျှောက်ထားနိုင်မည် ဖြစ်သည်။ ထောက်ခံချက်၏ သက်တမ်းသည် ၃ လအောက်လျော့နည်းပါက လိုင်စင်သက်တမ်းများအား အဆိုပါထောက်ခံချက်သက်တမ်းများအတိုင်းသာ ခွင့်ပြုသွားမည်ဖြစ်သည်။ ထောက်ခံချက်သက်တမ်းကိုတိုးပြီး ယင်းပို့ကုန်/သွင်းကုန်လိုင်စင်ထပ်မံပြင်ဆင်လျှောက်ထားလာပါက သက်တမ်းပြင်ဆင်ပေးခြင်းမပြုဘဲ ပို့ကုန်/သွင်းကုန် လိုင်စင်သက်တမ်းတိုးအနေဖြင့် ပထမအကြိမ်သက်တမ်းတိုးကိုသာ ခွင့်ပြုပေးသွားမည်ဖြစ်သည်။

(ဃ) လုပ်ငန်းရှင်သည် လိုင်စင်စတင်လျှောက်ထားချိန်မှ <u>တရားဝင်ရုံးဖွင့်ရက်</u> (၁၀) ရက်အတွင်းလိုင်စင်ထုတ်ယူသည်အထိလုပ်ငန်းကိုပြီးစီးအောင်ဆောင်ရွက်ရမည်။သတ်မှတ်ကာလအတွင်း ဆောင်ရွက်ခြင်းမရှိပါကလိုင်စင်လျှောက်ထားမှုကို စနစ်မှအလိုအလျောက် ပယ်ဖျက်မည်ဖြစ်သည်။

(င) ဤသတင်းလွှာထုတ်ပြန်ပြီး ရက်ပေါင်း (၉၀) ပြည့်သည့်အချိန်မှစ၍ ခွင့်ပြုချက်ရရှိပြီးသော လိုင်စင်များကို ထုတ်ယူခြင်းမပြုသည့်ကိစ္စရပ်ကို ၃ ကြိမ်ဆက်တိုက်ဆောင်ရွက်ခြင်း သို့မဟုတ် ၃ လအတွင်း ၅ ကြိမ် ဆောင်ရွက်ခြင်းပြုလုပ်သောကုမ္ပဏီအား ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားခွင့် ၆ လ ယာယီရပ်ဆိုင်းသွားမည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ Myanmar Tradenet 2.0 စနစ်တွင်ပို့ကုန်သွင်းကုန်လိုင်စင်များကို လျှောက်ထားရာတွင် အပိုဒ် ၂ ပါသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**